Message Eight

# အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော် - ဘုရားသခင်၏ပြည့်စုံသောဧဝံဂေလိတရား၏ အရာအားလုံးအကျုံးဝင်ပါရှိသော ကောင်းချီးမင်္ဂလာအစုစုကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်း

ဖတ်ရန်ကျမ်း။ ။ ဂလ၊ ၁း၁၅၊ ၁၆က။ ၂း၂၀။ ၄း၁၉။ ၃း၁၄

**I. ဂလာတိစာစောင်က ကိုယ်တော်၏ကောင်းသော ကျေနပ်အားရရာအတိုင်းဖြစ်သော ဘုရားသခင်၏အကြံအစည်တော်မှာ ခရစ်တော်ကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန်ဖြစ်ကြောင်း ဖွင့်ပြထားသည်။ ဂလာတိစာစောင်အရ အဆိုးညစ်ဆုံးသောအရာမှာ လူတို့အား ခရစ်တော်ထံမှ အာရုံလွဲသွားစေခြင်း ဖြစ်သည် - ၈၊၁း၅။ ဂလ၊၁း၄-၁၇။ ၂း၂၀။ ၄း၁၉။ ဓမ္မသီချင်း၊ မြန်မာ ၃၁၂။**

**II. ဂလာတိစာစောင်သည် ကိုယ်တော်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံစေရန်အတွက် ခရစ်တော်၏ ယုံကြည်သူများအထဲသို့ ဘုရားသခင်က မိမိကိုယ်တော်တိုင် ဝေငှဖြန့်ဖြူးပေးခြင်းအတွက် လူသားဇာတိ၌ သုံးဆသောမျိုးစေ့ဖြစ်သော ခရစ်တော်အား တင်ဆက်ပြထားသည် - ၃း၁၆။ က၊ ၃း၁၅။ ဂလ၊ ၄း၄။ လု၊ ၈း၅က၊ ၁၁။ ယော၊ ၁၂း၂၄။**

A. မိန်းမ၏မျိုးစေ့အဖြစ် ခရစ်တော်သည် လူ့ဇာတိခံယူသော ခရစ်တော်ကို ရည်ညွှန်းပြီး၊ ပြီးပြည့်စုံသော ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို လူသားဇာတိအထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် စုံလင်သောလူသားဖြစ်လာသည်၊ ယင်းမှာ စာတန်ကို ဖျက်ဆီးရန်နှင့် ခရစ်တော်၌ရှိ ယုံကြည်သူများကို အပြစ်နှင့် သေခြင်းမှ ကယ်တင်ရန်အလို့ငှာ ဖြစ်သည် - က၊ ၃း၁၅။ ဟေရှာ၊ ၇း၁၄။ မ၊၁း၁၆၊ ၂၀-၂၁၊ ၂၃။ ဂလ၊၄း၄။ ယော၊၁း၁၊ ၁၄။ ဟေဗြဲ၊ ၂း၁၄။ ၁ကော၊၁၅း၅၃-၅၇။

B. အာဗြဟံ၏မျိုးစေ့အဖြစ် ခရစ်တော်သည် မြေကြီးပေါ်ရှိ မိသားစုအပေါင်းတို့ထံ ကောင်းချီးမင်္ဂလာဖြစ်ခြင်းအတွက် ဖြစ်သည်။ အာဗြဟံ၏အတုမရှိသော မျိုးစေ့ဖြစ်သော နောက်ဆုံးသောအာဒံသည် သူကိုယ်တော်တိုင်ကို ခရစ်တော်၏ ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် သူတို့အား အာဗြဟံ၏စုပေါင်းသောမျိုးစေ့ဖြစ်စေရန်အတွက် အသက်ပေးသောဝိညာဉ်တော်၊ အာဗြဟံ၏ကောင်းချီးမင်္ဂလာ (ကောင်းသောမြေ၏ စစ်မှန်ခြင်း) ဖြစ်လာခဲ့သည် - က၊၁၂း၂-၃၊၇။ ၁၇း၇-၈။ ဂလ၊၃း၁၄၊ ၁၆၊ ၂၉။ ယော၊၁၄း၁၇-၂၀။ ၁ကော၊၁၅း၄၅ခ။ ယော၊၁၂း၂၄။ ဟေရှာ၊၅၃း၁၀။

C. ဒါဝိဒ်၏မျိုးစေ့အဖြစ် ခရစ်တော်သည် ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်ကို ရည်ညွှန်းပြီး၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအထဲသို့ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားကို ဝေငှဖြန့်ဖြူးရန်အတွက် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကိုသယ်ဆောင်သူဖြစ်သည်။ သို့မှသာ သူတို့သည် ထာဝရနိုင်ငံတော်တွင် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ ရှင်ဘုရင်အရာကို မျှဝေနိုင်မည် ဖြစ်သည် - ၂ရှမွေ၊ ၇း၁၂-၁၄က။ မ၊ ၂၂း၄၂-၄၅။ ရော၊၁း၃။ ဗျာ၊ ၂၂း၁၆။ တ၊ ၂း၃၀-၃၁။ မ၊ ၁၆း၁၆-၁၈။ ဗျာ၊ ၂၀း၄၊ ၆။

1. ဒံယေလ ၂း၃၄-၃၅ ၌ရှိသော မြေကြီးတစ်ပြင်လုံးကို ပြည့်သော ကြီးစွာသောတောင်၊ ဘုရားသခင်၏နိုင်ငံတော်သည် လူသားဇာတိ၌ရှိသော စုပေါင်းထားသည့် သုံးဆသောမျိုးစေ့ဖြစ်က၊ ၎င်းတွင် ခရစ်တော်၌ရှိသော ယုံကြည်သူများအားလုံးပါဝင်သည် - ညွှန်း၊ မာ၊၄း၂၆။
2. လူသားဇာတိ၌ရှိသည့် သုံးဆသောမျိုးစေ့ဖြစ်သော ခရစ်တော်အားဖြင့် ရန်သူတို့သည် ထွက်သွားပြီး ကောင်းချီးမင်္ဂလာရောက်ရှိလာ၍ ကျွန်ုပ်တို့သည် နိုင်ငံတော်၌ရှိကြသည်။ ဤသည်မှာ သမ္မာကျမ်းစာတစ်အုပ်လုံး၏ ဖွင့်ပြခြင်းဖြစ်သည်။

**III. ဂလာတိစာစောင်တွင် အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော် - ဘုရားသခင်၏ပြည့်စုံသောဧဝံဂေလိတရား၏ အရာအားလုံးအကျုံးဝင်ပါရှိသော ကောင်းချီးမင်္ဂလာအစုစုကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းကို ဖွင့်ပြထားသည်-၃း၁၄။**

A. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်ကို ဘုရားသခင်၏ ဖွင့်ပြခြင်းအားဖြင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မြင်တွေ့ရသော ခရစ်တော်အတိုင်း ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း ဖြစ်သည် - ၁း၁၆က။ ဧ၊ ၁း၁၇။ ကာ၊၁၃း၁၄-၁၈။ ဧ၊ ၃း၈၊ ၁၉။

1. ကျွန်ုပ်တို့ထဲ၌ ဘုရားသခင်၏သားတော်၏ အသက်ရှင်သောပုဂ္ဂိုလ်တော်ကို ဖော်ပြခြင်း၊ ဖွင့်ပြခြင်းထက် ဘုရားသခင်ကို ကျေနပ်အားရစေသောအရာ အခြားမရှိပါ - ဂလ၊၁း၁၅က၊ ၁၆က။ ၂ကော၊၃း၁၄-၁၇။ ၄း၃-၆။
2. ဘုရားသခင်၏သားတော်ကို အတွင်းပိုင်း၊ အတွင်းကျကျဖွင့်ပြခြင်းကို ရရှိလေလေ၊ ကျွန်ုပ်တို့၌ ကိုယ်တော် အသက်ရှင်လေလေဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်လေလေ၊ ကိုယ်တော်သည် အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်၏ကောင်းချီးမင်္ဂလာ၊ အာဗြဟံ၏ကောင်းချီးမင်္ဂလာတည်းဟူသော အရာအားလုံးပါဝင်သော ကောင်းသောမြေ၏စစ်မှန်ခြင်း ဖြစ်လာလေလေဖြစ်သည် - ဂလ၊ ၂း၂၀။ ၃း၁၄။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကို စွန့်လွှတ်ခြင်း၊ သခင်ဘုရားထံ ကျွန်ုပ်တို့စိတ်နှလုံး လှည့်ပြန်ခြင်း၊ ဝိညာဉ်ကို အလေးထားခြင်းနှင့် ဝိညာဉ်၌၊ ဆုတောင်းခြင်းနယ်ပယ်၌ နှုတ်ကပတ်တော်တွင် အချိန်ယူခြင်း ရှိကြမည်ဆိုလျှင် ခရစ်တော်သည် ကျွန်ုပ်တို့၌ ဖွင့်ပြခြင်း၊ ကျွန်ုပ်တို့၌ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့၌ ပုံပေါ်လာခြင်း ရှိလိမ့်မည်ဖြစ်သည် - ၁း၁၅က၊ ၁၆က။ ၂း၂၀။ ၄း၁၉။
   a. ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များကို စွန့်လွှတ်ရမည်။ ဝိညာဉ်ရေးရာဖြစ်စေ၊ သွေးသားဆိုင်ရာဖြစ်စေ ထင်မြင်ယူဆချက် မှန်သမျှသည် ဖုံးကွယ်ရာဖြစ်သည်။ ဤအတွင်းပိုင်းဖွင့်ပြခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌၊ ကျွန်ုပ်တို့၏ အလင်းထွန်းလင်းခံရသော အသိဉာဏ်မှတစ်ဆင့် ဖြစ်သည် - ၂ကော၊၃း၁၄-၁၅။ ၄း၄။ ဧ၊၁း၁၇-၁၈။ လု၊၂၄း၄၅။
   b. ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ဘုရားထံ လှည့်ပြန်ရမည်။ ကျွန်ုပ်တို့စိတ်နှလုံးကို သခင်ဘုရားထံ လှည့်ပြန်ခြင်းရှိလေလေ၊ ဤခေတ်၏ဘုရားသည် ကျွန်ုပ်တို့အသက်တာနှင့် ကျွန်ုပ်တို့ဖြစ်ခြင်း၌ အခြေချရာနည်းလေလေ ဖြစ်၍၊ ဤအသက်ရှင်သော ပုဂ္ဂိုလ်တော်၏ အတွင်းပိုင်းဖွင့်ပြခြင်းကို ရရှိခြင်းငှာ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာ အလင်း၏ ထွန်းလင်းခြင်းအောက်တွင် ရှိကြလိမ့်မည်ဖြစ်သည် - ၂ကော၊၃း၁၆၊ ၁၈။
   c. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို ဂရုစိုက်ရမည်၊ အလေးထားရမည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌ ဝိညာဉ်တော်သည် ကျွန်ုပ်တို့တွင် ခရစ်တော်ကို ထွန်းလင်းခြင်း၊ ဖွင့်ပြခြင်း၊ ခရစ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ထံ စကားပြောခြင်း ရှိနေခြင်းဖြစ်သည် - ဧ၊၁း၁၇။ ၃း၅။ ညွှန်း၊ ဗျာ၊၁း၁၀။ ၂း၇။
   d. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ရမည် - ဧ၊၆း၁၇-၁၈။
4. ကျွန်ုပ်တို့သည် ဘုရားသခင့်သားတော်၏ ဖွင့်ပြခြင်း ပြည့်ဝနေရန် လိုအပ်ပြီး၊ ထိုသို့ဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ခြင်း၊ ကျွန်ုပ်တို့၌ ပုံပေါ်လာခြင်း၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ စဉ်ဆက်မပြတ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ဖန်ဆင်းခြင်းအသစ် ဖြစ်လာရမည်ဖြစ်သည် - ဂလ၊၆း၁၄-၁၅။

B. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ယုံကြည်ခြင်း၏ ကြားနာခြင်းမှ ခရစ်တော်ကို ကျွန်ုပ်တို့လက်ခံရရှိခြင်းအားဖြင့် ဖြစ်သည် - ဂလ၊၃း၂။

1. ယုံကြည်သူများ၏ ယုံကြည်ခြင်းမှာ ခရစ်တော်သည် သူတို့၏ယုံကြည်ခြင်းဖြစ်ရန် သူတို့အထဲသို့ ဝင်ရောက်ခြင်းနှင့် သူတို့၏ဝိညာဉ်ကို ယုံကြည်ခြင်း၏ဝိညာဉ်ဖြစ်စေခြင်းဖြစ်သည်-ဟေဗြဲ၊၁၂း၂က။ ဂလ၊၂း၁၆။ ရော၊၃း၂၂။ ၂ကော၊၄း၁၃။
2. ယုံကြည်ခြင်းသည် နှုတ်ကပတ်တော်ကို ကြားနာခြင်းမှ ရောက်လာသည် - ရော၊၁၀း၁၇။
3. ယုံကြည်ခြင်းသည် ဘုရားသခင် ဖြစ်တော်မူ၍၊ ကျွန်ုပ်တို့ ဘာမျှမဟုတ်ကြောင်း ယုံကြည်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် အမြဲပင် ကျွန်ုပ်တို့ကို ပယ်ဖျက်၍ ခရစ်တော်ကို ကျွန်ုပ်တို့ထံ ဖွင့်ပြပေးခြင်းဖြစ်သည် - ဟေဗြဲ၊၁၁း၆။ က၊၅း၂၄။ ယော၊ ၈း၅၈။ ဂလ၊၂း၂၀။

4. ယုံကြည်သူများသည် ယုံကြည်ခြင်း၏ မိသားဝင်များ၊ အိမ်ထောင်စုဝင်များ ဖြစ်ကြသည်။ ဤယုံကြည်ခြင်းအိမ်တော်သည် ဘုရားသခင်ကို နှုတ်ကပတ်တော်မှတစ်ဆင့် ယုံကြည်ခြင်းရှိသည့် အိမ်ဖြစ်သည် - ဗ၊၁၀။

C. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ဝိညာဉ်တော်အတိုင်း မွေးဖွားခံရခြင်းနှင့် ဘုရားသခင့်သားတော်၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးများအထဲသို့ ပေးအပ်ခံရခြင်းအားဖြင့် ဖြစ်သည် - ၄း၂၉ခ၊ ၆။

D. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ကျွန်ုပ်တို့ကို ခရစ်တော်အထဲသို့ ထားရှိသော ဗတ္တိဇံမှတစ်ဆင့် ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်းအားဖြင့် ဖြစ်သည် - ၃း၂၇။

E. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်မရှင်တော့ဘဲ၊ ကျွန်ုပ်တို့၌ ကိုယ်တော်ရှင်ခြင်းငှာနှင့် အသွေးအသား၌ ယခု ကျွန်ုပ်တို့ရှင်နေသောအသက်သည် ခရစ်တော်၏ယုံကြည်ခြင်း၌ ရှင်ခြင်းဖြစ်ရန်အလို့ငှာ ကိုယ်တော်၏သေခြင်း၌ ခရစ်တော်နှင့် ထပ်တူထပ်မျှဖြစ်ခြင်းအားဖြင့် ဖြစ်သည် - ၂း၂၀။

1. ခရစ်တော်နှင့် ထပ်တူထပ်မျှဖြစ်ခြင်း ဆိုသည်မှာ ကိုယ်တော်နှင့် တစ်ဝိညာဉ်တည်းဖြစ်ရန်နှင့် ကိုယ်တော်နှင့် ထုံးဖွဲ့မှုတစ်ခုတည်းဖြစ်ရန်ဟု ဆိုလိုခြင်းဖြစ်သည် - ၁ကော၊၁၅း၄၅ခ။ ဗ၊၁၇။ ဖိ၊၁း၂၀-၂၁က။
2. ကျွန်ုပ်တို့သည် ကိုယ်တော်၏သေခြင်း၌ ခရစ်တော်နှင့် ထပ်တူထပ်မျှဖြစ်ကြသည်၊ ယင်းမှာ ကျွန်ုပ်တို့မရှင်တော့ဘဲ၊ ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှင်ရန်အလို့ငှာ ဖြစ်သည် - ရော၊၆း၃-၄။ ဂလ၊၂း၂၀။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအဖြစ် ခရစ်တော်၌ရှိသော အသက်တာကို အသက်ရှင်ကြသည်။ စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်ကိုယ်တော်တိုင် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းပေးပြီး၊ ကိုယ်တော်၏ဆွဲဆောင်မှုသို့ ကျွန်ုပ်တို့၏ တုန့်ပြန်မှုအဖြစ် ကိုယ်တော်ကို ကျွန်ုပ်တို့လေးမြတ်တန်ဖိုးထားမှု ဖြစ်လာခြင်းဖြစ်သည် - အငယ်၊၂၀ခ။ ၂ကော၊၅း၁၄-၁၅။ ဟေဗြဲ၊၁၂း၂က။

F. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းနှင့် လျှောက်လှမ်းခြင်းအားဖြင့် ဖြစ်သည် - ဂလ၊၅း၁၆၊ ၂၅။

G. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ သားဖွားခြင်းဝေဒနာမှတစ်ဆင့် ကျွန်ုပ်တို့၌ ခရစ်တော် ပုံသဏ္ဌာန်ပေါ်လာခြင်းအားဖြင့် ဖြစ်သည် - ၄း၁၉။

H. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ဝိညာဉ်တော် အလိုဆန္ဒရှိသောအရာကို ပြီးမြောက်ရန် ဝိညာဉ်တော်၏အလိုဆန္ဒနှင့် မျှော်မှန်းချက်တို့နှင့်အတူ ဝိညာဉ်တော်သို့ မျိုးကြဲခြင်းအားဖြင့် ဖြစ်သည်- ၆း၇-၈။

I. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ခရစ်တော်၏ကားတိုင်၌ ဝါကြွားခြင်းနှင့် ဖန်ဆင်းခြင်းအသစ်ကို အသက်ရှင်ခြင်းအားဖြင့် ဖြစ်သည် - အငယ်၊၁၄-၁၅။

J. အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို လက်ခံရရှိရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရှိခြင်းအားဖြင့် ဖြစ်သည် - အငယ်၊၁၇-၁၈။

*© 2024 Living Stream Ministry*